ဆောင်းဖိုးမြောက်ကျေးရွာ၊ ကက္ကူကျေးရွာအုပ်စု

တောင်ကြီးမြို့နယ်



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၂၃-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

ဆောင်းဖိုးမြောက်ကျေးရွာ၊ ကက္ကူကျေးရွာအုပ်စု၊ တောင်ကြီးမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ	
		မှ	ထိ
၁	စကားချီး	၂	၃
၂	ကျေးရွာ၏ သယံဇာတပြမြေပုံ	၄	၄
၃	ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်	၅	၅
၄	ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ	၆	၆
အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ			
၆	တည်နေရာနှင့် ပထဝီအနေအထား	၇	၇
၇	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	၇	၇
၈	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၇	၈
၉	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	၈	၈
	(က) သီးနှံစိုက်ပျိုးရေး	၈	၈
	(ခ) မွေးမြူရေးလုပ်ငန်း	၈	၈
	(ဂ) ငါးလုပ်ငန်း	၈	၈
	(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၉	၉
	(င) ဘဏ်နှင့် ငွေးကြေးဆိုင်ရာဝန်ဆောင်မှု	၉	၉
၁၀	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	၉	၁၀
၁၁	ပညာရေး	၁၀	၁၀
၁၂	ကျန်းမာရေး	၁၀	၁၀
၁၃	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၁	၁၁
၁၄	ကျား-မရေးရာ	၁၁	၁၂
၁၅	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	၁၂	၂၉
အပိုင်း (၂) စီမံချက်ဆိုင်ရာအချက်အလက်များ			
၁၆	ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၃၀	၃၀
၁၇	စီမံချက်ဆိုင်ရာ အချက်အလက်များ	၃၁	၃၃
နောက်ဆက်တွဲများ			
၁၈	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	၃၄	၄၁
၁၉	ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား	၄၂	၁၁၆

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်သည် ၂၀၂၃/၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇/၂၀၂၈ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာလူထုများကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများနှင့် ရန်ပုံငွေပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပင်လောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ထပ်ဆင့်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သော နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သော နည်းလမ်းကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အစီအစဉ်ရေးဆွဲနိုင်ရေးအတွက် ကျေးရွာ၏ ဖွံ့ဖြိုးရေးစိတ်ပါဝင်စားပြီး ရေးတတ်ဖတ်ကျွမ်းကျင်သူ ကျေးရွာ(၁)ရွာလျှင် လူငယ်(၂)ဦးစီအား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ သင်တန်းတက်ရောက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် များရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ပါဝင်ကူညီဆောင်ရွက်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းများ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာန ဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအခြေအနေများပါဝင်ပြီး၊ အပိုင်း (ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဆောင်းဖိုးမြောက်ကျေးရွာ၊ ကက္ကူကျေးရွာအုပ်စု
တောင်ကြီးမြို့နယ်


ဆောင်းဖိုးမြောက်ကျေးရွာ၊ တောင်ကြီးမြို့နယ်၊ သယံဇာတပြမြေပုံ



ဆောင်းဖိုးမြောက်ကျေးရွာ၊ တောင်ကြီးမြို့နယ်၊ ရာသီခွင်ပြ ပြက္ခဒိန်



ဆောင်းဖိုးမြောက်ကျေးရွာ၊ တောင်ကြီးမြို့နယ်၊ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) တည်နေရာအနေအထားနှင့် ပထဝီအနေအထား

ဆောင်းဖိုမြောက်ကျေးရွာသည် တောင်ကြီးမြို့နယ်၏ အနောက်မြောက်ဘက် (၂၈/၀)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအရ သွားလာရလွယ်ကူပြီး တောင်ကြီးမြို့နယ်မှ ဆောင်းဖိုမြောက်ကျေးရွာအထိ ကျောက်ချောလမ်းဖြင့် ရာသီမရွေးသွားလာနိုင်ပါသည်။ ဆောင်းဖိုမြောက်ကျေးရွာသည် တောင်ပေါ်(ကုန်းမြင့်)ဒေသဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပါသည်။ ပြောင်း၊ ကြက်သွန်ဖြူ၊ စပါး၊ သနပ်ဖက်၊ မြေပဲနှင့် ပဲစင်းငုံစသည့် သီးနှံများကို အဓိကထားစိုက်ပျိုးကြပါသည်။ မွေးမြူရေးလုပ်ငန်းနှင့် အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုမရှိပါ။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ ၆၄ မှ ၇၅ ဝန်းကျင်ရှိပြီး စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် များစွာအထောက်အကူပြုသည်။ ကျေးရွာတည်ရှိမှု တောင်ပေါ်(ကုန်းမြင့်)ဒေသဖြစ်ခြင်းကြောင့် မိုးများ၍ အအေးပိုသည့်ဒေသဖြစ်ပါသည်။

(၂)ရာသီဥတု နှင့်သဘာဝအရင်းအမြစ်

ဆောင်းဖိုမြောက်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို မိုးရာသီကာလတွင် အဓိကထား လုပ်ကိုင်ကြပြီး ကျန်ကာလများတွင် အခြားလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ ကျေးရွာပတ်လည် အရှေ့၊ အနောက်၊ တောင်၊ မြောက်ဘက်များတွင် စိုက်ပျိုးမြေဧကမြောက်များစွာတည်ရှိပါသည်။ ကျေးရွာ၏ တောင်ဘက်တွင် စိမ့်စမ်းရေထွက်ရှိပါသည်။ ကျေးရွာအတွင်း လယ်မြေအသင့်အတင့်ရှိပြီး မြေဆီကောင်းမွန်သည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် လယ်ယာမြေဧက(၉၂.၅)ဧကနှင့် တောင်ယာမြေ(၉၂၈)ဧကရှိပြီး ပြောင်း၊ ကြက်သွန်ဖြူ၊ စပါး၊ သနပ်ဖက်၊ မြေပဲနှင့် ပဲစင်းငုံစသည် သီးနှံများကို အဓိကထား စိုက်ပျိုးကြပါသည်။ ကျေးရွာအတွင်း သဘာဝတွင်းထွက် သယံဇာတများ မထွက်ရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ဆောင်းဖိုမြောက်ကျေးရွာအတွင်း အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့(၁)ဖွဲ့၊ ဘာသာရေးဆိုင်ရာအဖွဲ့(၁)ဖွဲ့။ ကျန်းမာရေး(၁)၊ ပညာရေး(၁)ဖွဲ့နှင့် အပျို/လူပျိုများနှင့်ဖွဲ့စည်းထားသော လူငယ်အဖွဲ့များ၊ အခြား ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့များရှိပြီး အခြားဖွဲ့စည်းထားသည့် အဖွဲ့အစည်းများမရှိပါ။ ကျေးရွာအတွင်း ဖွဲ့စည်းထားသည့် အစုအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက်ဖြစ်သည့် လုပ်ငန်းတာဝန်များအား တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြပါသည်။ ပြင်ပမှ လူမှုရေးအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အတန်အသင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်းအနေဖြင့် မြို့နယ်လျှပ်စစ်ဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဦးစီးဌာနတို့မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးပါသည်။ အခြားဌာနဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးကိစ္စရပ်များ တစ်ခါတစ်ရံသာ ရှိပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အသင့်အတင့်ရှိသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု၏ ၃၀% သည်ဆင်းရဲ၊ ၃၄ %သည် အလယ်အလတ်အိမ်ထောင်စုနှင့် ၃၆%သည် အဆင်ပြေသောအိမ်ထောင်စုအဖြစ် သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှုရှိပါသည်။ အခြားသော စိုက်ပျိုးရေးသုံး လယ်ယာမြေသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုအနည်းငယ်ရှိပြီး စိုက်ပျိုးရေးအတွက် ရေလုံလောက်မှုမရှိပါသဖြင့် ဆောင်းရာသီနှင့် နွေရာသီတွင် လုပ်ကိုင်နိုင်မှုမရှိပါ။ ရာသီအလိုက် သီးနှံများ စိုက်ပျိုးရောင်းချမှုများကြောင့် ကျေးရွာစီးပွားရေး အနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်ပါသည်။ သို့သော် သီးနှံပေါ်ချိန်တွင် ဈေးနှုန်းများကျဆင်းမှု၊ မြေဩဇာများ ဈေးနှုန်းမြင့်မားမှုနှင့် ဈေးကွက်လက်လှမ်းမီမှု နည်းပါးခြင်းများကြောင့် အမြတ်ရရှိ မှုနည်းပါးပါသည်။ ချမ်းသာသော စိုက်ပျိုးရေးလုပ်ကိုင်သည့် အိမ်ထောင်စုများအပြင် အခြား အိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ စိုက်ပျိုးရေး နေ့စားစသည့် ကျပန်းလုပ်ငန်းများတွင်လည်း ဝင်ရောက်လုပ်ကိုင်ကြပါသည်။ ပြည်တွင်းအခြား ဒေသများသို့ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုအချို့လည်း အဆင်ပြေကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ဆောင်းဖိုမြောက်ကျေးရွာတွင် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများမရှိပါ။ မျိုးကောင်းမျိုးသန့်များရရှိနိုင်မှုမရှိခြင်း၊ ဈေးကွက် လက်လှမ်းမီမှုမရှိခြင်းနှင့် ဆောင်ရွက် ရန် ငွေကြေးအရင်းအနှီးများ၊ နည်းပညာများမရှိခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက် နိုင်ခြင်းမရှိပါ။ စိုက်ပျိုးရေးကိုသာ ဘိုးစည်ဘောင်ဆက်လုပ်ကိုင်လာခြင်းကြောင့် မွေးမြူရေးလုပ်ငန်း များဆောင်ရွက်လိုမှုမရှိကြပါ။

(ဂ)ငါးလုပ်ငန်း

ဒေသအတွင်း ငါးမွေးမြူရန်ဆန္ဒရှိသော်လည်း မျိုးကောင်းမျိုးသန့်များ ရရှိနိုင်မှုမရှိခြင်း၊ နည်းပညာများမရှိခြင်းစသည့် အဆင်မပြေမှုများကြောင့် ငါးမွေးမြူရေး လုပ်ငန်းဆောင်ရွက်ခြင်းမရှိပါ။ အကယ်၍ နည်းပညာများ ၊ အရင်းအနှီးငွေများ ရရှိပါက ဆောင်ရွက်လိုကြောင်း ကျေးရွာ၏ ပြည်သူများ၏ စိတ်ဆန္ဒအရ သိရှိရပါသည်။

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ဆောင်းဖိုမြောက်ကျေးရွာတွင် အဓိကထုတ်ကုန်လုပ်ငန်းမရှိပါ။ ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်မှာ ၁၅၀၀၀/ကျပ်အထိ ရပါသည်။ အလုပ်ကြမ်းသမား အဆင့်မှာ ၇၀၀၀မှ ၈၀၀၀ ရရှိကြပါသည်။ သီးနှံများ ခူးဆွတ်ရိတ်သိမ်းချိန်များ အခြားသောကျေးရွာအတွင်း စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်ချိန်များတွင် အမျိုးသားများနှင့်တန်းတူ အမျိုးသမီးများလည်း တစ်နေ့လျှင် လုပ်အားခမှာ အမြင့်ဆုံး(၁၀၀၀၀)မှ အနည်းဆုံး(၈၀၀၀)ကျပ်အထိ ရရှိကြပါသည်။ လုပ်အားခရရှိမှုမှာ အမျိုးသားနှင့်အမျိုးသမီး တန်းတူညီမျှမှုမရှိပါ။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေများပြားခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးနှင့် လူသားအရင်းမြစ်အတွက် အလားအလာကောင်း တစ်ရပ်ဖြစ်ပါသည်။ စက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင် သင်တန်း၊ မုန့်လုပ်ငန်း၊ ဆိုင်ကယ်ပြင်သင်တန်း၊ စက်ပြင်သင်တန်း၊ ဝါယာထိန်း၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ အင်ဂျင်(ဝပ်လျော့)ပြင်သင်တန်းစသော

အသက်မွေးဝမ်းကျောင်းသင်တန်းများကို အနည်းငယ်တက်ရောက်ကြသော်လည်း စနစ်တကျ သင်ယူမှုနည်းပါးခြင်း၊ သင်ယူလိုမှုအားနည်းခြင်းတို့ကြောင့် ထိရောက်သော ကျွမ်းကျင်မှုအခြေခံ သည့် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းနည်း ပါးပါသည်။

(c) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ဆောင်းဖိုမြောက်ကျေးရွာမှ တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းအတွက် အစိုးရ ဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ချေးငွေရယူမှုမရှိပါ။ အတိုးပေးချေးသူ/ မိတ်ဆွေ/ ဆွေးမျိုး များထံမှ ချေးငွေများထုတ်ချေးကြပါသည်။

(၅) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျွန်ုပ်တို့ ကျေးရွာတွင် ၂၀၂၂-၂၀၂၃ခုနှစ်တွင် ကိုယ်ထူကိုယ်ထဆောက်လုပ်ထားသော ကျေးရွာဘက်စုံသုံးခန်းမဆောင်ရှိပြီး ကျေးရွာစာကြည့်တိုက်မှာ ကျေးရွာ (၃)ရွာပေါင်း၍ အသုံးပြုကြ ပါသည်။ အခြေခံပညာအထက်တန်းကျောင်းရှိပြီး စာသင်ဆောင်လုံလောက်မှုရှိပါသည်။ ကျေးလက် ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ ကျေးရွာနှင့်မြို့ ဆက်သွယ်သွားလာရာတွင် ကျွန်ုပ်တို့ ဆောင်းဖို မြောက်ကျေးရွာမှ နောင်ခဲကျေးရွာအထိ (၂/၀)မိုင်ခန့် ကျောက်ချောလမ်းသာ အသုံးပြုနေရဆဲဖြစ်ပြီး ဆောင်ရွက်ထားသည်မှာ အချိန်ကာလကြာမြင့်ပြီ ဖြစ်သောကြောင့် ကျောက်တုံးကျောက်ခဲများ ပေါများ၍ ပြန်လည်ပြုပြင်မွမ်းမံရန် လိုအပ်သော်လည်း ကျေးရွာအနေဖြင့် ငွေကြေးတတ်နိုင်မှုမရှိ ခြင်းကြောင့် သက်ဆိုင်ရာဌာနများအနေဖြင့် ကူညီထောက်ပံ့ပေးနိုင်ပါရန် ကျေးရွာသူ/သားများက လိုလားနေကြပါသည်။ ကျေးရွာတွင်းလမ်းများအားလုံးသည် မြေသားလမ်းများဖြစ်ခြင်းကြောင့် မိုးရာ သီအချိန်တွင် သွားလာရအခက်အခဲရှိပါသည်။ ကျေးရွာ၏ မီးလင်းရေးအနေဖြင့် မဟာဓာတ်အား လိုင်းမှ လျှပ်စစ်မီးကို တပ်ဆင်သွယ်တန်းထားပြီးဖြစ်သော်လည်း အိမ်ခြေများ တိုးပွားလာခြင်း ကြောင့် ဓာတ်အားလိုင်း ကွန်ကရစ်မီးတိုင်များ ဆက်လက်တပ်ဆင်ရန် လိုအပ်နေဆဲဖြစ်ပါသည်။ ဆက်သွယ်ရေးနှင့် ပတ်သက်ပြီး ဖုန်းလိုင်း၊ အင်တာနက်လိုင်း အတန်အသင့်သာကောင်းမွန်ပါသည်။ ကျေးရွာသူ/သားများအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍတွင်များစွာ စိတ်ပါဝင်စားလျှက်ရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်သော လုပ်ငန်းအားလုံး၌ ပြီးမြောက်အောင်မြင်အောင် ကိုယ်ထူကိုယ် ထစနစ်ဖြင့် ဆောင်ရွက်တတ်ကြပါသည်။

(၆) ပညာရေး

ဆောင်းဖိုမြောက်ကျေးရွာသည် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အခြေခံပညာအထက်တန်းကျောင်း ရရှိခဲ့ပါ သည်။ စာသင်ကျောင်းသည် ကျေးရွာ၏အလယ်တွင်တည်ရှိပြီး စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (၉၀ပေx၃၀ပေx၁၅ပေ)x(၂)ဆောင်နှင့် (၆၀ပေx၃၀ပေx၁၅ပေ) x(၃)ဆောင် စုစုပေါင်း စာသင်ဆောင် (၅)ဆောင် ရှိပါသည်။ လက်ရှိအခြေအနေအရ စာသင်ဆောင် လုံလောက်မှု ရှိသော်လည်း ကျောင်းသုံးပရိဘောဂ ပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများနှင့် အားကစားဆိုင်ရာ ပစ္စည်းများအနေဖြင့် လုံလောက်မှု မရှိပါ။

ပညာရေးဝန်ထမ်းအနေဖြင့် အစိုးရခန့် ဆရာမ(၂၀)ဦးရှိပြီး ကျေးရွာခန့် ဆရာမ (၃)ဦး စုစုပေါင်း ဆရာ/မ (၂၃)ဦးရှိပါသည်။ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ကိုယ်ထူကိုယ်ထဖြင့် (၆၀ပေx၃၀ပေ) (၄)ခန်းတွဲဝန်ထမ်းအိမ်ရာ (၃)ဆောင် ဆောက်လုပ်ထားသော်လည်း ဆရာ/ဆရာမဦးရေများပြား လာခြင်းကြောင့် ဝန်ထမ်းအိမ်ရာလုံလောက်မှုမရှိသေးပါ။ ကျွန်ုပ်တို့ ကျေးရွာတွင် လက်ရှိကျောင်း တက်နှုန်း မူလတန်း (၁၃၃)ဦး၊ အလယ်တန်း(၆၁)ဦး၊ အထက်တန်း(၁၈)ဦး နှင့် တက္ကသိုလ်/ကောလိပ်

(၅)ဦး ပညာသင်ကြားနေကြပါသည်။ ရွာသူရွာသားများ အားလုံးနီးပါး စာရေးတက်၊ ဖတ်တက်ကြပါသည်။ ယခုအခါတွင် ကျေးရွာ၌ မူလတန်းကိုမဖြစ်မနေ တက်ရောက်ကြသော စနစ်ကိုလည်း လိုက်နာကြပါသည်။ ဒေသတွင်ပညာရေးနှင့် ပတ်သတ်ပြီး အသင့်အတင့် ကောင်းမွန်ပါသည်။ မူလတန်းပညာရေးမှာလည်း ပညာသင်ကြားမှုနှုန်း မြင့်မားလျက်ရှိနေပါသည်။ ကျေးရွာသူ/သားများ၏ အတန်းပညာပြီးမြောက် မှု(စာတတ်မြောက်မှုနှုန်း)အနေဖြင့် အလယ်တန်း အဆင့်ရှိသူများပြားပြီး စာမတတ်သူဦးရေနည်းပါးပါသည်။

(၇) ကျန်းမာရေး

ကျွန်ုပ်တို့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိသော်လည်း အရေးပေါ်ကိစ္စရပ်များအတွက် ကျောက်တလုံးတိုက်နယ်ဆေးရုံနှင့် တောင်ကြီးမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသကြပါသည်။ ကျေးရွာတွင် ကျန်းမာရေးဌာနမှ ကျေးရွာသူ/သားများ၏ ကျန်းမားရေးကိစ္စများ၊ ကာကွယ် ဆေးထိုနှံမှုတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဒေသတွင် သောက်ရေအတွက် အဓိက အားထားရသော စိမ့်စမ်းရေထွက်(၁)ခု ရှိပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကို အုတ်ဖြင့် ဆောက်လုပ်ကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်းလုံအိမ်သာ သုံးစွဲကြသဖြင့် ယင်ကြောင့်ဖြစ်ပွားတက်သော ဆက်စပ်ရောဂါများဖြစ်ပွားမှုနည်းပါသည်။ စာသင်ကျောင်းများတွင်လည်း ယင်လုံအိမ်သာကို စနစ်တကျ ဆောက်လုပ်ထားသဖြင့် ကျောင်းသူ/ သားများအတွက် အသုံးပြုရလွယ်ကူပါသည်။

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျွန်ုပ်တို့ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်၍ မိုးရာသီ၌ ရေကြီးခြင်း၊ ရေလွှမ်းခြင်းများကို ခံရခြင်းမရှိပါ။ ရန်ဖါရန်ခါ မိုးသီးကြွေကျခြင်း၊ လေပြင်းတိုက်ခတ်ခြင်းမှလွဲ၍ အခြားဘေးအန္တရာယ် ကျရောက်မှုများမရှိပါ။ ကျေးရွာတွင် စပါး၊ ပြောင်းစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်သဖြင့် ဓါတုပိုးသတ်ဆေးများသုံးစွဲမှုများပြားလာခြင်း၊ ဓါတုဓာတ်မြေဩဇာများသုံးစွဲမှု များပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာခြင်းတို့ဖြစ်ပေါ်လာပါသည်။ တောင်သူများအနေဖြင့် ဓါတုဗေဒ ပိုးသတ်ဆေးများကို အသုံးပြုမှု များပြားလာခြင်းနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်မှု အားနည်းခြင်းများကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

၉။ ကျား/မရေးရာ

ဆောင်းဖိုမြောက်ကျေးရွာတွင် ကျား၊မရေးရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ် ကောင်းမွန်ပါသည်။ မိသားစုများတွင် ကျား၊မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျား၊မ အကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည်သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများရှိ ကျား၊ မအရေ အတွက်မှာ အလွန်ကွာခြားခြင်းမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်ပါသည်။ သို့သော်ကျေးရွာတွင် နေ့တွက် လုပ်အားခမှာ အမျိုးသားများက အမျိုးသမီးများ ထက်ပိုမိုရရှိကြပါသည်။ ဥပမာအားဖြင့် လုပ်အား သဘာဝနှင့် အင်အား

စိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့ နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုတို့မှာ အလွန်နည်းပါးလျက် ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင် အသင့်အတင့်ပါဝင် ဆောင်ရွက်ကြပါသည်။ ကျား၊ မ တန်းတူညီမှုနှင့် ပတ်သတ်၍ အသိပညာပေးခြင်းများကို မြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊ မတန်းတူညီမှုဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင် ပါသည်။

(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ဆောင်းဖိုမြောက်ကျေးရွာ၏ စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကိုဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုများသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ခဲ့ကြပါသည်။ တချို့စီမံချက်များ ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာလူထုမှ ဦးစားပေးနှစ်အလိုက် ရွေးချယ်ထားသော ဖော်ထုတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများကို သက်ဆိုင်ရာ ဦးစီးဌာနများ၏ ဘတ်ဂျက်များတွင် လျာထားဆောင်ရွက်နိုင်ရေးအတွက် ဌာနနှင့် ကျေးရွာလူထုများမှ ဆက်လက်ဆောင်ရွက် သွားရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆	၂၀၂၆-၂၀၂၇	၂၀၂၇-၂၀၂၈
၁	ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၁	√				
၂	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	၂		√			
၃	ရေလျှောင်ကန်တည်ဆောက်ခြင်း	၃			√		
၄	အဝီစိတွင်းတူးဖော်ခြင်း	၄			√		
၅	အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ်ခြင်း	၅				√	
၆	မွေးမြူရေးသင်တန်း	၆				√	
၇	စိုက်ပျိုးရေးဆောင်းနေကြာသင်တန်းပို့ချခြင်း	၇				√	

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၃ ၂၀၂၄	၂၀၂၄ ၂၀၂၅	၂၀၂၅ ၂၀၂၆	၂၀၂၆ ၂၀၂၇	၂၀၂၇ ၂၀၂၈
၈	လူငယ်အားကစားကွင်းဖော်ဆောင်ရန်	၈					√
၉	ခန်းမအုတ်တံတိုင်းကာရံခြင်း	၉					√
၁၀	အိမ်တိုင်ရာရောက်ရေသွယ်တန်းခြင်း	၁၀					√

(၁၁) ဆောင်းဖိုမြောက်ကျေးရွာ ဦးစားပေးလုပ်ငန်းများ အဆင့်ခွဲခြားသတ်မှတ်ချက်

စဉ်	စီမံချက်အမည်	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၁)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၂)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၃)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၄)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၅)	စုစုပေါင်း	အဆင့်
၁	ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၂၀	၂၀	၂၀	၂၀	၁၀	၉၀	၁
၂	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	၁၅	၁၅	၁၅	၁၀	၁၅	၇၀	၂
၃	ရေလျှောင်ကန်တည်ဆောက်ခြင်း	၁၀	၁၀	၁၅	၁၅	၁၀	၆၀	၃
၄	အဝီစိတွင်းတူးဖော်ခြင်း	၁၀	၁၀	၁၀	၁၀	၁၀	၅၀	၄
၅	အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ်ခြင်း	၈	၈	၈	၈	၈	၄၀	၅
၆	မွေးမြူရေးသင်တန်း	၆	၆	၆	၆	၆	၃၀	၆
၇	စိုက်ပျိုးရေးဆောင်းနေကြာသင်တန်းပို့ချခြင်း	၅	၅	၅	၅	၅	၂၅	၇

၈	လူငယ်အားကစားကွင်းဖော်ဆောင်ရန်	၄	၄	၄	၄	၄	၂၀	၈
၉	ခန်းမအုတ်တံတိုင်းကာရံခြင်း	၃	၃	၃	၃	၃	၁၅	၉
၁၀	အိမ်တိုင်ရာရောက်ရေသွယ်တန်းခြင်း	၁	၁	၁	၁	၁	၅	၁၀

(၁၂) ဆောင်းဖိုမြောက်ကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီစာရင်း

စဉ်	အမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးပန်းအောင်	၁၃/တကန(နိုင်)၁၆၂၈၇၂	ဥက္ကဋ္ဌ	
၂	ဦးခွန်မျိုးသူ	၁၃/တကန(နိုင်)၁၈၃၅၆၃၃	အတွင်းရေးမှူး	
၃	ဦးခွန်ဂန္ဓမာ	၁၃/တကန(နိုင်)၁၆၂၈၇၂	ဘဏ္ဍာရေးမှူး	
၄	နန်းပြုံးကြည်	၁၃/ကထလ(နိုင်)၀၁၅၅၂၄	စာရင်းကိုင်	
၅	နန်းခမ်းဗို	၁၃/ကထလ(နိုင်)၀၁၁၀၅၀	အဖွဲ့ဝင်	
၆	ဒေါ်နန်းတွဲ	၁၃/ကထလ(နိုင်)၀၁၈၃၆၈	အဖွဲ့ဝင်	
၇	ဦးခွန်လှကျော်	၁၃/တကန(နိုင်)၁၆၂၈၇၂	အဖွဲ့ဝင်	

ဆောင်းဖိုမြောက်ကျေးရွာ ဝယ်ယူရေးဆပ်ကော်မတီစာရင်း

စဉ်	အမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	နန်းခမ်းဗို	၁၃/ကထလ(နိုင်)၀၁၁၀၅၀	အဖွဲ့ဝင်	
၂	ဒေါ်နန်းတွဲ	၁၃/ကထလ(နိုင်)၀၁၈၃၆၈	အဖွဲ့ဝင်	
၃	ဦးခွန်လှကျော်	၁၃/တကန(နိုင်)၁၆၂၈၇၂	အဖွဲ့ဝင်	

စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ - ဆောင်းဖိုမြောက်ကျေးရွာ ကျေးရွာအုပ်စု - ကက္ကူကျေးရွာအုပ်စု မြို့နယ် - တောင်ကြီးမြို့နယ် တိုင်း/ပြည်နယ် - ရှမ်းပြည်နယ်(တောင်ပိုင်း)	
စီမံချက်အမည် - စက်ရေတွင်းတူးဖော်ခြင်းနှင့်ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်း	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအန လက်ရှိကျေးရွာ၏ သုံးစွဲနေသော ကျေးရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီအချိန်တွင် သွားလာရခက်ခဲသဖြင့် ကျေးရွာတွင်းလမ်းအား ကွန်ကရစ်ခင်းရန်လိုအပ်ရခြင်းဖြစ်ပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) ကျေးရွာ၏ ရွာတွင်းလမ်းများ ကောင်းမွန်လာခြင်းဖြင့် မိုးရာသီတွင် ပြည်သူများသွားလာရလွယ်ကူစေရန်နှင့် လူနေမှုအဆင့်အတန်းများပိုမိုမြင့်မားလာစေရန် ရည်ရွယ်ပါသည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီး နောက်ထပ်ဆင့် ရရှိလာမည့် အကျိုးကျေးဇူးများ) ရွာတွင်းလမ်းများ ကောင်းမွန်လာခြင်းဖြင့် ကျေးရွာ၏ လူမှုဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးကဏ္ဍ များတိုးတက်လာစေရန်မျှော်မှန်းပါသည်။	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည်) သက်ဆိုင်ရာဦးစီးဌာန၏ ထောက်ပံ့ငွေ၊ နည်းပညာများနှင့် ပူးပေါင်း၍ ကျေးရွာပြည်သူထည့်ဝင်ငွေ၊ အလှူရှင်များ၏ လှူဒါန်းငွေများ၊ ရွာသူ/သားများ၏ လုပ်အားများဖြင့် ပူးပေါင်း၍ သတ်မှတ်ကာလအတွင်း လုပ်ငန်းများအရည်အသွေးပြည့် အောင်မြင်စွာပြီးစီးရေးအတွက် စီမံကိန်းလုပ်ငန်း အား အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့် အစီအစဉ်**

• ၁၅၀၀၀၀၀၀/-(ငွေသား) • (ငွေသား) • ၉၂၀၀၀၀၀°/- (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၆၀၂	၆၁၂	၁၂၁၄	၄၂	၈၃	၈၅	၄၀	၂၅၀
အကျိုးခံစားမည့်သူ ဦးရေ	၆၀၂	၆၁၂	၁၂၁၄	၄၂	၈၃	၈၅	၄၀	၂၅၀
မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ) - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ - ကျေးရွာလူထု - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - ၁၀.၈.၂၀၂၃
(၃) စီမံချက် ပြီးစီးမည့် အချိန် - ၁၅.၂.၂၀၂၃
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် - ကျေးရွာသူ/သားများအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းအား အောင်မြင်စွာအကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေအား/လုပ်အား/ကုန်ကြမ်းပစ္စည်းများ ရရှိနိုင်ရေး အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး/ရွာသူကြီး၊ ဆယ်အိမ်မှူး/ ရာအိမ်မှူးများ၊ ကျေးရွာရပ်မိရပ်ဖများမှ ဦးဆောင်၍ ရွာလုံးကျွတ် အစည်းအဝေး ကျင်းပပြုလုပ် ခြင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ၊ ရပ်မိရပ်ဖများနှင့် ရွာသူရွာသား များ ပူးပေါင်း၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မှီရေးတို့ကို ဆောင်ရွက်သွား မည်ဖြစ်ပြီး ကျေးရွာအတွက် လိုအပ်သော ကွန်ကရစ်လမ်းရရှိစေရေးအတွက် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့် ရပ်ရွာမှတာဝန်ပေးအပ်ထားသော သိတတ်နားလည်သည့် ကြီးကြပ်သူများမှ ဦးဆောင်မှုဖြင့် ကျေးရွာသူ/သားများ ပူးပေါင်း၍ လုပ်ငန်းလည်ပတ်နိုင်ရေးနှင့် ငွေကြေးဆိုင် ရာကိစ္စရပ်များအား စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁၂	၁၂	၂၄	-	-
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၄၀	၃၁	၇၁	-	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၆၇	၅၀	၁၁၇	-	-
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၅၁	၆၆	၁၀၇	-	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၄၀၁	၄၁၄	၈၁၅	-	-
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၃၁	၄၉	၈၀	-	-
စုစုပေါင်း		၆၀၂	၆၁၂	၁၂၁၄	-	-
စုစုပေါင်း အိမ်ထောင်စု		၂၅၀				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှာ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက် အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ။ ဆောင်းဖိုးခြောက်ကျေးရွာသည် အိမ်ထောင်စု(၂၃၆)စုရှိပြီး စုစုပေါင်းလူဦးရေမှ (၁၂၁၄)ဦးရှိပါသည်။ အဆိုပါ လူဦးရေများအနက်မှ အလုပ်လုပ်နိုင်သည့် လူဦးရေ(၈၁၅)ဦးရှိ၍ အသက် (၁၄)နှစ်အောက် (၃၁၉)ဦးရှိပြီး သက်ကြီးရွယ်အို(၈၀)ဦးရှိကြောင်း တွေ့ရှိရပါသည်။ မသန်စွမ်းသူမရှိကြောင်းနှင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများသောကြောင့် ကျေးရွာတွင်လိုအပ်သော ကိစ္စအဝဝကို ပူးပေါင်းဆောင်ရွက် မှုအားကောင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းမျိုး	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အားဦးရေ	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	၂၃၂	၉၂၈	-	၄၅၄	၄၇၄	-	မြင့် ☑ လတ်☐ နိမ့် ☐
	အလုပ်သမားများ / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမားများ / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမားများ / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမားများ / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အားများ	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း	၃၀	၁၆၅		၈၅	၈၀		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းမျိုး	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အားပေး	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင် လုပ်ငန်း	၁	၄		၁	၃		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမားပေး / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင် လုပ်ငန်း	၃	၁၆		၇	၉		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမားပေး / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမားပေး / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမားပေး / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							

စဉ်	လုပ်ငန်းမျိုး	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အားသူ	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမားဘး / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမားဘး / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမားဘး / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမားဘး / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	ပညာရေး							

စဉ်	လုပ်ငန်းမျိုး	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အားပေး	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမားပေး / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမားပေး / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမားပေး / ကျပန်း / ရာသီအလိုက်	၂၈	၁၁၂	၄	၅၃	၅၈		

စဉ်	လုပ်ငန်းမျ ား	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို ဘယ်သောအခါမှ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အာ ား	အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမာ ား							
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမာ ား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	၂၅၀	၁၂၂၅	၄	၆၀၀	၆၂၄		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”အရေအတွက်တွင်“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ “ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)” ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -“စိုက်ပျိုးရေး” ကဏ္ဍ၏ “ကိုယ်ပိုင်လုပ်ငန်း”တွင်ရပ်တည်နိုင်မှု “မြင့်” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့် အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ဆောင်းဖိုးမြောက်ကျေးရွာ၏ အိမ်ထောင်စုပေါင်း(၂၃၆)စုသည် စိုက်ပျိုးရေးလုပ်ငန်းကို တစ်နှစ်ပတ်လုံး အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု (၃၀)စု၊ ယာဉ်၊ စက်ကိရိယာပြင်ဆင်သည့် အိမ်ထောင်စု (၁)စု၊ ဆံပင်၊ အလှပြင်၊ အပ်ချုပ်သည့် အိမ်ဆောင်စု (၃)စုနှင့် ကျပန်းအလုပ်လုပ်ကိုင်သည့် အိမ်ထောင်စု (၂၈)စုရှိပါသည်။ ပြည်နယ်တွင်း/ပြည်ပသို့ သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုမှာ (၉၆)စု၊ ဦးရေ(၁၇၃)ဦးရှိပါသည်။ အခြားဝင်ငွေရလုပ်ငန်းဖြစ်သော အစိုးရဝန်ထမ်းလုပ် ကိုင်သူ(၂)ဦးရှိပြီး အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ(၄၈)စုရှိကြောင်း တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၅၀၀၀	၁၀၀၀၀	၁၂၀၀၀	၈၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	၁၀၀၀၀	၁၀၀၀၀	၈၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအဓိကလုပ်ကိုင်ကြပြီး ကျား/မ လုပ်အားခများ ပေးချေရာတွင် တန်းတူညီမျှမှုမရှိပါ။ တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် လက်သမား/ပန်းရံလုပ်ငန်းများတွင်လည်း ကျား/မ လုပ်အားခ ပေးချေမှုမှာ တန်းတူညီမျှမှုမရှိကြောင်း တွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၉၂.၅	ကောင်း ☐ သင့်☑ ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
ယာမြေ / တောင်ယာမြေ	၉၂၈	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ(ကျွန်းမျွေ ာ)	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း		☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းသာအဓိကထားလုပ်ကိုင်ကြသဖြင့် စိုက်ပျိုးမြေကောများစွာပိုင်ဆိုင်ထားသည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာမှအိမ်ထောင်စု အများစု သည် လယ်မြေနှင့် တောင်ယာ မြေများ အများစုပိုင်စိုင်ကြပြီး အခြားသော မြေလွတ်မြေရိုင်းများ ပိုင်ဆိုင်သူ မရှိကြောင်း တွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☑မရှိ ☐	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☑	လျော့☐ တိုး ☐အပြောင်းအလဲမရှိ ☑

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☑မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐မရှိ ☑	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း -
ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။
လေ့လာတွေ့ရှိချက်။ ။ တောင်ပေါ်ဒေသတွင် တည်ရှိသောကျေးရွာဖြစ်သဖြင့် အခြားကျောက်ကို ကျေးရွာ အနီးနားတွင် အသင့်အတင့်တွေ့ရှိနိုင်ပြီး အသုံးချရန်မလွယ်ကူပါ။ အခြားသော သဘာဝ အရင်းအမြစ်ဖြစ်သော ဆေးဘက်ဝင်အပင်များ၊ တောရိုင်းတိရစ္ဆာန်မျိုးစိတ်များ တွေ့ရှိရမှုနည်းပါး ပါသည်။ ကျေးရွာအနီးနားတွင် ချောင်း၊ မြစ်များမရှိကြောင်းတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ
ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၅၃	၈၃	၈၂	၃၂

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။
လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ အိမ်ထောင်စုများအား ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အများစုသည် အလယ်အလတ်ရှိသောအိမ်ထောင်စုနှင့် မပြေလည်သည့်အိမ်ထောင်စုဖြစ်ပြီး အဆင်ပြေသောအိမ်ထောင်စုများကို အသင့်တင့်တွေ့ရှိရပြီး အလွန်မပြေလည်သော အိမ်ထောင်စု အဆင့်(၃)သည် စုစုပေါင်း(၃၂)စုရှိကြောင်းတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု	၈၅	၁၅	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၈၅ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လနှင့်ဖြေကြားဝမ်းစာဖူလုံမှု	၈၃	၂၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၂၃ ချေးယူ = ၆၅ လုပ်အားခကြိုယူ = ၀
၆လမှ၁၂လအထိဝမ်းစာဖူလုံမှု	၈၂	၁၃-	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၅၀ ချေးယူ = ၃၂ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဥစ္စာဓနအဆင့်(၃)မှ အိမ်ထောင်စု(၈၂)စုရှိပြီး၊ ဥစ္စာဓနအဆင့်(၄)လည်း အိမ်ထောင်စု (၃၂)စုရှိပါသည်။ ကျေးရွာတွင် ဝမ်းစာဖူလုံမှုအခြေအနေ စစ်တမ်းကောက်ယူရာတွင် အဆိုပါ ဥစ္စာဓန အဆင့်(၃)နှင့်(၄)ရှိ အိမ်ထောင်စုများသည် ဝမ်းစာဖူလုံရေးအတွက် အများစု သည် ချေးယူခြင်းနှင့် ဆွေမျိုးများထံမှ အထောက်အပံ့များ ရယူကြသည်ကို တွေ့ရှိရပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ဖြင့်နှစ်နှင့်အထက်	-	၁	၁
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု	၁		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။
လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများဖြစ်သည့် မိသားစု စောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ဖြန့်စ်နှင့်အထက် မရှိပါကြောင်းနှင့် ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စုသည့် အိမ်ထောင်စု(၁)စုရှိပါသည်။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား(၉)
ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✓				✓	
၂	လျှပ်တပြတ်ရေကြီးခြင်း	✓				✓	
၃	မုန်တိုင်းဒီရေ	✓				✓	
၄	ဆူနာမီ	✓				✓	
၅	တိုင်ဖုန်းမုန်တိုင်း	✓				✓	
၆	လေဆင်နာမောင်း	✓				✓	
၇	ငလျင်	✓				✓	
၈	အပူလှိုင်း	✓				✓	
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✓				✓	
၁၀	အအေးလှိုင်း	✓				✓	
၁၁	မိုးသီးကြွေကျမှု	✓				✓	
၁၂	မိုးခေါင်ခြင်း	✓				✓	
၁၃	တောမီးလောင်ခြင်း	✓				✓	
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓				✓	
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✓				✓	
၁၆	မြေပြိုခြင်း	✓				✓	
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓				✓	
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	✓				✓	

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	✓				✓	
၂၀	သစ်တောပြုန်းတီးခြင်း	✓				✓	
၂၁	ငှက်ဖျားရောဂါ	✓				✓	
၂၂	တီဘီရောဂါ	✓				✓	
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓				✓	
၂၄	ကပ်ရောဂါ	✓				✓	
၂၅	ပြည်တွင်းပဋိပက္ခ	✓				✓	
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓				✓	
၂၇	လူကုန်ကူးခြင်း	✓				✓	
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ် ရေးခက်ခဲခြင်းစသည်	✓				✓	

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။
မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာ သားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက် သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။အိမ်ထောင်စု ၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်
အိမ်ထောင် စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဘာဝရင်းမြစ်ရှားပါးမှုဘေးအန္တရာယ်များသည် ကျေးရွာအပေါ် ထိခိုက်သက်ရောက်နိုင်မှုအနည်းငယ်ရှိပြီး မိုးခေါင်းခြင်းနှင့်ပတ်သက်၍ ကျေးရွာတွင် နှစ်စဉ်ကြုံတွေ့နေရပါသည်။ အခြား ရာသီတုပ်ကွေးကူးစက်ရောဂါသည် အနည်းငယ် ဖြစ်ပွားမှုရှိပါသည်။ ထိခိုက်သက်ရောက်မှုများအား ဘေးအန္တရာယ်လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်အောင် အစီအမံများချမှတ်၍ စွမ်းဆောင်နိုင်မှုမှာ အသင့်တင့် အနေအထားရှိပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်		✓		✓		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု			✓	✓		
၃	ဆင်းရဲသားတောင်သူ			✓	✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	✓			✓		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✓			✓		
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	✓			✓		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	✓			✓		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	✓			✓		
၉	ငါးကန်ပိုင်ရှင်များ	✓			✓		
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ			✓		✓	
၁၁	လူနည်းစုလူမျိုးများ	✓			✓		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	✓			✓		
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✓			✓		
၁၄	ရွှေတွင်းလုပ်သားများ	✓			✓		
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	✓			✓		
၁၆	နေရပ်ပြန်အခြေချသူများ	✓			✓		
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓			✓		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိ

ပါကမည်မျှအထိ ထိခိုက်ကြ ပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက လူငယ်၊ အမျိုးသမီးဦးဆောင် သောအိမ်ထောင်စု၊ ဆင်းရဲသောတောင်သူများနှင့် လက်လုပ်လက်စားများ/ ကျပန်းများအုပ်စုသည် ထိခိုက်သက်ရောက်မှု အများဆုံးခံရနိုင်သည့်အုပ်စုဖြစ်ပါသည်။ ထိခိုက် သက်ရောက်မှုများအား ဘေးအန္တရာယ်လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်အောင် အစီအမံများချမှတ်၍ စွမ်းဆောင်နိုင်မှုမှာ အားနည်းနေသည်ကို တွေ့ရှိရပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့	၁☐၂☑၃☐	၅	-	၅	ပညာရေး☑ ငွေကြေး☑ ကျန်းမာရေး☑ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၂	ရေပေးရေးကော်မတီ	၁☐၂☑၃☐	၄	၃	၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၃	မီးလင်းရေးကော်မတီ	၁☐၂☑၃☐	၄	၃	၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၄	လူငယ်အဖွဲ့	၁☐၂☑၃☐	၄	၃	၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး	ကောင်း☐ သင့်☑ ညံ့☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	
၅	ကျောင်းကော်မတီ	၁☐/☑၃☐	၄	၃	၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၆	ကျေးရွာဖွံ့ဖြိုးရေးကော်မတီ	၁☐/☑ ၃☐	၄	၃	၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၇	အမျိုးသမီးကော်မတီ	၁☐/☐၃☐	-	၅	၅	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☐ ညံ့☐
၈		၁☐/☐၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☐ ညံ့☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၉		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၁၀		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၁၁		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၁၂		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး/ဘာသာရေးနှင့် သာရေး/နာရေးကိစ္စအဝဝကို ဆောင်ရွက်ရန်ဖွဲ့စည်းထားသည့် အစုအဖွဲ့/အသင်းအဖွဲ့(၇)ဖွဲ့ရှိပါသည်။ ကျေးရွာတွင်းရှိ အဖွဲ့အစည်း/ ကော်မတီအသီးသီးတို့မှ ကဏ္ဍအလိုက်ဦးဆောင်၍ လမ်းညွှန်ဆောင်

ရွက်ကြပါသည်။ ထို့အပြင် ကျေးရွာတွင်းရှိအဖွဲ့များသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ချိတ်ဆက် ဆောင်ရွက်မှု အားကောင်းလျက်ရှိပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ(ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါ ယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော် ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြင်ပအဖွဲ့အစည်းများမရှိကြောင်းတွေ့ရှိရပါသည်။ အခြားသော နိုင်ငံတော်အစိုးရဌာနဖြစ်သော ထွေအုပ်/ကျေးလက်/EPC/ ကျန်းမာရေး/ပညာရေး စသည့်ဦးစီးဌာနများနှင့်လည်း ချိတ်ဆက်မှုရှိပါသည်။ ကျေးရွာအနေဖြင့် ကျေးရွာပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း လက်လှမ်းမီမှုရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေ အတွက်	အမျိုးသမီးဦး ဆောင်သည့်အိမ် ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၆	-	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၆၄	၁၀	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၀၄	၁၅	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၇၂	-	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၄	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၂၅၀	၂၅	☒

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းပြုကြသည့်

ကျေးရွာဖြစ်သဖြင့် အိမ်ထောင်စု(၂၄၄)စုလုံးသည် မြေယာများပိုင်ဆိုင်ကြပါသည်။ မြေယာမဲ့ပြီး အငှားစနစ်ဖြင့် လုပ်ကိုင်ကြသည့် အိမ်ထောင်စု(၆)စုရှိပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခု ကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ် ကအခြေအနေ(မှန် ရာတစ်ခုကိုသာရွေး ရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ ☐
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ ☐
၃	မြစ်ရေတင် စီမံကိန်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ ☐
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ ☐
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☑ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ ☑
၆	လက်ဝင်ရေတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ ☐
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑ မဖြေဆိုပါ☐	ရှိ☐မရှိ☑ မဖြေဆိုပါ☐	လျော့☑တိုး☐ အပြောင်းအလဲမရှိ ☐
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန

၊စိုက်ပျိုးရေးဦးစီးဌာန။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အနီးနားတွင် ချောင်းမရှိကြောင်းနှင့် ကျေးရွာ၏ တောင်ပေါ်ဘက်တွင် စိမ့်ရေထွက်အနည်းရှိပြီး ထိုရေကိုသာ သောက်သုံးရေအဖြစ်သုံးစွဲကြသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးရေးအတွက် အသုံးပြုနိုင်သော ချောင်းရေ၊ စိမ့်စမ်းမရှိသောကြောင့် မိုးရေကိုသာ စောင့်မျှော်အားကိုးနေရသည်ကို လေ့လာတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း
ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
ပြောင်း	၅၀၀	၁ ကေ	၆၀၀ ပိဿ	၁၀၀၀ ပိဿ	၇၀၀ ပိဿ	၅	၁၀	မြင့်□လတ်☑နိမ့်□	မြင့်□လတ်□ နိမ့်☑	မြင့်□လတ်☑ နိမ့်□
ကြက်သွန်ဖြူ	၁၀၀	၁ ကေ	၄၀၀ ပိဿ	၈၀၀ ပိဿ	၅၀၀ ပိဿ	၄	၁၂	မြင့်□လတ်☑နိမ့်□	မြင့်□လတ်□ နိမ့်☑	မြင့်□လတ်☑ နိမ့်□
စပါး	၁၄၀	၁ ကေ	၂၀ အိတ်	၄၀ အိတ်	၃၀ အိတ်	၅	၁၀	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□
သနပ်ဖက်	၁၆၀	၁ ကေ	၄၀၀ ပိဿ	၇၀၀ ပိဿ	၅၀၀ ပိဿ	၄	၁၀	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□
မြေပဲ	၅၀	၁ ကေ	၁၀ တင်း	၂၅ တင်း	၁၅ တင်း	၆	၁၁	မြင့်□လတ်□နိမ့်☑	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□
ပဲစင်းငုံ	၇၀	၁ ကေ	၃၀၀ တင်း	၅၀၀ တင်း	၄၀၀ တင်း	၅	၂	မြင့်□လတ်□နိမ့်☑	မြင့်☑လတ်□ နိမ့်□	မြင့်□လတ်☑ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စပါး၊ ပြောင်း၊ သနပ်ဖက်၊ ကြက်သွန်၊ မြေပဲနှင့် ပဲစင်းငုံစသည်တို့ကို အဓိကစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြပြီး စိုက်ပျိုးသီးနှံများ၏ အထွက်နှုန်းမှာ ပြောင်းလဲမှုရှိပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ
ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

